## ရည်ရွယ်ချက်

အခွန်ထမ်းပြည်သူများ အခွန်ပေးဆောင်ရာတွင် အချိန်ကုန်သက်သာပြီး လွယ်ကူလျှင်မြန်မှုရှိစေရန်နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကပ်ရောဂါ (COVID-19) ကို တတ်နိုင်သမျှအကာအကွယ် ဖြစ်စေရန် ရည်ရွယ်၍ လစာဝင်ငွေခွန်ပေးဆောင်ခြင်းအား ငွေသား/ ချက်လက်မှတ်ဖြင့် ပေးသွင်းနေမှုအစား အီလက်ထရောနစ်နည်းလမ်းဖြင့် ပေးသွင်းစေခြင်း ဖြစ်ပါသည်။

## လစာ

လစာဆိုရာတွင် အလုပ်ရှင်ထံမှ ရရှိသည့် သို့မဟုတ် ရရန်ရှိသည့် လစာ၊ လုပ်ခ၊ နှစ်စဉ်ကြေး၊ ဆုကြေး၊ ချီးမြှင့်ငွေ၊ လစာနှင့်လုပ်ခအစား ရရှိသည့် အခကြေးငွေ သို့မဟုတ် ထပ်ဆောင်းရရှိသည့် အခကြေးငွေ၊ ကော်မရှင်ခ အားလုံးအကျုံးဝင်ပါသည်။

## လစာဝင်ငွေခွန်ပေးဆောင်ရမည့်သူ

- ❖ နှစ်တစ်နှစ်အတွင်း လစာဝင်ငွေ ကျပ် (၄၈) သိန်းအထက် ရရှိသည့် ပြည်တွင်းနေ နိုင်ငံသားနှင့် ပြည်တွင်းနေ နိုင်ငံခြားသားများ၊
- ❖ ပြည်တွင်းမှလစာဝင်ငွေရရှိသည့် ပြည်ပနေနိုင်ငံခြားသား။

## လစာဝင်ငွေ ကင်းလွတ်ခွင့်ရရှိသူများ

- ❖ ပြည်ပတွင်နိုင်ငံခြားငွေဖြင့် လစာရရှိသော ပြည်ပနေနိုင်ငံသား၊
- ❖ နှစ်တစ်နှစ်အတွင်း လစာဝင်ငွေ ကျပ် (၄၈) သိန်းအထိသာ ရရှိသည့် ပြည်တွင်းနေ နိုင်ငံသားနှင့် ပြည်တွင်းနေ နိုင်ငံခြားသားများ။

## ပေးသွင်းရမည့်ငွေကြေးအမျိုးအစား

ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေနိုင်ငံခြားသား ဖြစ်ပါက ကျပ်ငွေဖြင့်လည်းကောင်း၊ ပြည်ပနေနိုင်ငံခြားသားဖြစ်ပါက ရရှိသည့် ငွေကြေးအမျိုးအစားဖြင့်လည်းကောင်း လစာဝင်ငွေခွန်ပေးဆောင် ရပါမည်။

## သက်သာခွင့်များ

- ❖ အခြေခံသက်သာခွင့် - စုစုပေါင်းဝင်ငွေ၏ ၂၀%<br>(ကျပ်သိန်း၁၀၀ထက်မပိုစေရ)
- ❖ အတူနေမိဘတစ်ဦးလျှင် - ကျပ် ၁၀ သိန်းစီ
- ❖ အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် - ကျပ် ၁၀ သိန်း
- ❖ သားသမီး တစ်ဦးလျှင် - ကျပ် ၅ သိန်းစီ<br>(အိမ်ထောင်မရှိ/ ဝင်ငွေခွန်ထိုက်သင့်သည့် ဝင်ငွေမရရှိသူ/ အသက် (၁၈) နှစ်အောက်/ အသက်(၁၈)နှစ်ပြည့်ပြီးသော်လည်း ပညာသင်ကြားလျက်ရှိသူ)
- ❖ အသက်အာမခံအတွက် ပေးသွင်းသည့်ပရီမီယံ<br>(အခွန်ထမ်းနှင့်အိမ်ထောင်ဖက်အတွက်)
- ❖ လူမှုဖူလုံရေးရန်ပုံငွေသို့အမှန်ထည့်ဝင်ငွေ (အခွန်ထမ်းအတွက်သာ)

## လစာဝင်ငွေခွန်နှုန်း

- ❖ နှစ်တစ်နှစ်အတွင်းရရှိသည့် စုစုပေါင်းလစာဝင်ငွေမှ သက်သာခွင့်များ နုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ်တွင် ကျသင့်ဝင်ငွေခွန် တွက်ချက်ရမည့် နှုန်းထားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ဝင်ငွေခွန်စည်းကြပ်ရန် ဝင်ငွေအလွှာ | | နှုန်း | ကျသင့်အခွန် | အဆင့်ဆင့် ကျသင့်အခွန် |
|---|---|---|---|---|---|
| | မှ(ကျပ်) | ထိ(ကျပ်) | | | |
| ၁ | ၁ | ၂,၀၀၀,၀၀၀ | ၀% | ၀ | ၀ |
| ၂ | ၂,၀၀၀,၀၀၁ | ၅,၀၀၀,၀၀၀ | ၅% | ၁၅၀,၀၀၀ | ၁၅၀,၀၀၀ |
| ၃ | ၅,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၁၀% | ၅၀၀,၀၀၀ | ၆၅၀,၀၀၀ |
| ၄ | ၁၀,၀၀၀,၀၀၁ | ၂၀,၀၀၀,၀၀၀ | ၁၅% | ၁,၅၀၀,၀၀၀ | ၂,၁၅၀,၀၀၀ |
| ၅ | ၂၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၂၀% | ၂,၀၀၀,၀၀၀ | ၄,၁၅၀,၀၀၀ |
| ၆ | ၃၀,၀၀၀,၀၀၁နှင့်အထက် | | ၂၅% | | |

## အခွန်တွက်ချက်ခြင်း

- ❖ ဦးလှသည် A ကုမ္ပဏီ၏ မန်နေဂျာ တစ်ဦးဖြစ်ပြီး တစ်လလျှင် လစာ ၇၀၀,၀၀၀ ကျပ် ရရှိပါသည်။ တစ်နှစ်လျှင် ဆုကြေး ၆၀၀,၀၀၀ ကျပ် ရရှိပါသည်။ အတူနေ မိဘ (၂) ဦး၊ မှီခိုသူ ဇနီးနှင့် ကျောင်းတက်နေသည့် သားသမီး (၂)ဦး ရှိပါသည်။ တစ်နှစ်လျှင် ၎င်းနှင့် အိမ်ထောင်ဖက်အတွက် အသက်အာမခံ ပရီမီယံ ၅၀,၀၀၀ ကျပ်နှင့် လူမှုဖူလုံရေးရန်ပုံငွေ ၅၀,၀၀၀ကျပ် ထည့်ဝင်ပါသည်။ ဦးလှ ပေးဆောင်ရမည့် လစာဝင်ငွေခွန်မှာ-

**တွက်ချက်ပုံ(နမူနာ)**

နှစ်တစ်နှစ်အတွင်း ဦးလှရရှိသည့်လစာ(၇၀၀,၀၀၀x၁၂) = ၈,၄၀၀,၀၀၀ ကျပ်

နှစ်တစ်နှစ်အတွင်း ဦးလှရရှိသည့်ဆုကြေး = ၆၀၀,၀၀၀ ကျပ်

**စုစုပေါင်းလစာဝင်ငွေ** = ၉,၀၀၀,၀၀၀ကျပ်

(နုတ်) သက်သာခွင့်ပြုငွေများ

အခြေခံသက်သာခွင့်(၉,၀၀၀,၀၀၀/- x ၂၀%)= ၁,၈၀၀,၀၀၀

အတူနေမိဘအတွက်သက်သာခွင့် = ၂,၀၀၀,၀၀၀

(တစ်ဦး၁,၀၀၀,၀၀၀/- စီ x ၂ ဦး)

အိမ်ထောင်ဖက်အတွက်သက်သာခွင့် = ၁,၀၀၀,၀၀၀

သားသမီး(၂) ဦးအတွက်သက်သာခွင့် = ၁,၀၀၀,၀၀၀

(တစ်ဦး ၅၀၀,၀၀၀/- စီ x ၂ ဦး)

ဦးလှနှင့်အိမ်ထောင်ဖက်၏ အသက်အာမခံ = ၅၀,၀၀၀

[ ဦးလှအတွက် ၃၀,၀၀၀/- + ဇနီးအတွက် ၂၀,၀၀၀/ - ]

ဦးလှထည့်ဝင်သည့် လူမှုဖူလုံရေးရန်ပုံငွေ = ၅၀,၀၀၀

**သက်သာခွင့်စုစုပေါင်း** = (၅,၉၀၀,၀၀၀)ကျပ်

အခွန်စည်းကြပ်ရန်ဝင်ငွေ = ၃,၁၀၀,၀၀၀ကျပ်

**အခွန်တွက်ချက်ခြင်း**

၁ မှ ၂, ၀၀၀, ၀၀၀အထိ (၂,၀၀၀,၀၀၀ x ၀% ) = ၀ ကျပ်

၂,၀၀၀,၀၀၁မှ၃,၁၀၀,၀၀၀အထိ (၁,၁၀၀,၀၀၀ x ၅% ) = ၅၅,၀၀၀ ကျပ်

**တစ်နှစ်ကျသင့်အခွန် = ၅၅,၀၀၀ကျပ်**

**လစဉ်နုတ်ယူရမည့် ဝင်ငွေခွန်(၅၅,၀၀၀ကျပ်/၁၂လ) = ၄,၅၈၃ကျပ်**

## ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

❖ လစာထုတ်ပေးရန်တာဝန်ရှိသူသည် တစ်နှစ်အတွက် ကျသင့်သည့် လစာဝင်ငွေခွန်ကို ခန့်မှန်းတွက်ချက်၍ လစာထုတ်ပေးသည့် အချိန်တွင် အတတ်နိုင်ဆုံး အညီအမျှအရစ်များဖြင့်နုတ်ယူပြီး သက်ဆိုင်ရာ လကုန်ဆုံးပြီး (၁၅)ရက်အတွင်း ပေးသွင်းရပါမည်၊

❖ လစာမှဖြတ်တောက်ထားသည့် လစာဝင်ငွေခွန်များကို အီလက်ထရောနစ်နည်းလမ်းဖြင့် အခွန်ပေးသွင်းနိုင်ရန် သတ်မှတ်ထားသော Excel Template တွင် တစ်ဦးချင်းစာရင်းကို ဖြည့်သွင်းရန် လိုအပ်ပါမည်၊

Payment for PAYE (Attached List)

Employer Name- DEF Company Limited

TIN - 500394589

| Record Number | Employee Name | NRC No (If) | Employee Address | Passport No (If) | Position | End Date of Period covered by Payment (DD-MM-YYYY) | Tax Period | Income Year | Salary for Period (Kyat) | Allowances claimed by Employee | Amount Withheld (Kyat) | Remark |
|---|---|---|---|---|---|---|---|---|---|---|---|---|
| 1 | Moe Moe Naing | 4/ HAKHANA (N) 042297 | No-1,Yankin street,Yangon | - | Accountant | 31-07-2020 | JULY | 2020 | 2000000 | 1000000 | 20000 | |
| 2 | Win Pa Pa | 5/ KHAPANA (N) 001299 | No-54,Min Lann,Yangon | - | Manager | 31-07-2020 | JULY | 2020 | 3000000 | 1200000 | 23000 | |
| 3 | Khaig Myo Thein | 5/ BATALA (N) 052287 | 9/67KanTharYar Township,Mand | - | Programmer | 31-07-2020 | JULY | 2020 | 2500000 | 1600000 | 22000 | |
| 4 | Nay Myo Aung | 4/ PALAWA (N) 143987 | /75,AyeTharYar Township,Taun | - | Cashier | 31-07-2020 | JULY | 2020 | 190000 | 150000 | 15000 | |
| 5 | hunn Lae Mhuu Nain | 6/ KASANA (N) 032265 | No-8,34Shwe Lann,Yangon | - | Production Manager | 31-07-2020 | JULY | 2020 | 800000 | 1000000 | 12000 | |

❖ ဖော်ပြပါ Excel Template ကို IRD Website ဖြစ်သော www.ird. gov.mm ၏ Home page>> Media>> Announcement (ကြေညာချက်များ)၏ slide 5 တွင် Download ရယူ နိုင်ပါသည်၊

❖ အီလက်ထရောနစ်နည်းလမ်းဖြင့် အခွန်ပေးသွင်းနိုင်သည့် ပုဂ္ဂလိကဘဏ်တွင် ငွေစာရင်းဖွင့်လှစ်ထားရှိရမည်၊

❖ အလုပ်ရှင်/ ကုမ္ပဏီ/ အဖွဲ့အစည်း၏ အခွန်ထမ်းမှတ်ပုံတင်အမှတ် ( 9 Digit TIN) ကို အသုံးပြု၍ အခွန်ပေးဆောင်ရမည်၊

❖ ပြည်တွင်းအခွန်များဦးစီးဌာနက အခွန်ပေးသွင်းမှု အထောက်အထား (e-Tax Payment Receipt) ပေးပို့နိုင်ရန်အတွက် ဆက်သွယ်ရမည့် သီးခြားအတည်ပြုသတ်မှတ်ထားသည့် e-mail address နှင့် ဖုန်းနံပါတ်တို့ကို သက်ဆိုင်ရာအခွန်ရုံးသို့ ပေးပို့ထားရမည်၊

**အခွန်ပေးသွင်းပြီးနောက် Excel Template ပါ အချက်အလက်များ မှားယွင်းမှု တစ်စုံတစ်ရာရှိပါက လုပ်ဆောင်ရမည့် အချက်များ**


၁။ သက်ဆိုင်ရာလအတွင်း တွေ့ရှိပါက လကုန်ရက်မတိုင်မီ (၃) ရက် ကြိုတင်ကာ စည်းကြပ်သည့် အခွန်ရုံးသို့ ဆက်သွယ်၍ အမှားပြင်ဆင်ချက် လျှောက်ထားရမည်။

၂။ အခွန်ပေးသွင်းရာတွင် TIN မှားယွင်းဖြည့်သွင်းခြင်းကြောင့် ပေးဆောင်သည့် အခွန်ရုံးလွဲမှားကြောင်းတွေ့ရှိပါက သက်ဆိုင်ရာအခွန်ရုံးသို့ နေ့ချင်း အကြောင်းကြား၍ မိမိအခွန်ငွေပေးသွင်းခဲ့သည့် ဘဏ်သို့လည်း ချက်ချင်း ဆက်သွယ်ဆောင်ရွက်ရန် လိုအပ်ပါသည်။

❖ Excel Template ကို အသုံးပြု၍ ဖြည့်သွင်းထားသော Excel File Soft copy အား ကုမ္ပဏီအခွန်စည်းကြပ်သည့် သက်ဆိုင်ရာရုံးသို့ e-mail ဖြင့်သော်လည်းကောင်း၊ သင့်လျော်ရာ နည်းလမ်းဖြင့်သော်လည်းကောင်း လစာဝင်ငွေခွန် နုတ်ယူထားသည့်နေ့မှ (၁၅) ရက်အတွင်း လစဉ် မပျက်မကွက် ပေးပို့ရမည်၊ (ထိုသို့ ပေးပို့ပြီးပါက ပတခ(ဝင)-၁၅ ထပ်မံ ပေးပို့ရန် မလိုအပ်ပါ)

❖ လစာနှစ်ချုပ်စာရင်း ပတခ(ဝင)-၁၆ အား ဝင်ငွေနှစ်ကုန်ဆုံးပြီး (၃)လအတွင်း မိမိကုမ္ပဏီအခွန်စည်းကြပ်မှုခံယူသည့်ရုံးသို့ နှစ်စဉ်ပေးပို့ရမည်၊

❖ အခွန်ထမ်းကုမ္ပဏီသည် **လစာဝင်ငွေခွန် နုတ်ယူပေးသွင်းခြင်းဆိုင်ရာ အထောက်အထားလက်မှတ် ပတခ (ဝင)-၁၅(က)** တွင် အချက်အလက်များ ပြည့်စုံစွာရေးသွင်းပြီး လစာဝင်ငွေခွန် နုတ်ယူပေးသွင်းခြင်းခံရသူများသို့ နှစ်စဉ်ထုတ်ပေး၍ မူရင်းခွဲအား မှတ်တမ်းထားရှိရမည်။



❖ အခြေပစ္စည်း ဝယ်ယူခြင်း/ တည်ဆောက်ခြင်း/ အခြားတစ်နည်းနည်းဖြင့် ရယူခြင်း ဆောင်ရွက်သည့်အခါ ဝင်ငွေရလမ်းတင်ပြရာတွင် ယခင်က အသုံးပြုခဲ့သည့် **အခွန်ပေးဆောင်မှုမှတ်တမ်းစာအုပ်** ကဲ့သို့ **လစာဝင်ငွေခွန် နုတ်ယူပေးသွင်းခြင်းဆိုင်ရာ အထောက်အထားလက်မှတ် ပတခ (ဝင)-၁၅(က)** ကိုလည်းတင်ပြနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက သတင်းအချက်အလက်နှင့် နည်းပညာဌာနခွဲ (e-Payment Section)၊ အမှတ် ၅၆၉/၅၇၇၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်းနံပါတ်၊ ၀၁- ၈၃၇၉၈၀၂ သို့မဟုတ် ပြန်ကြားရေးအဖွဲ့ (ရုံးချုပ်)၊ နေပြည်တော် ဖုန်းနံပါတ်- ၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၃၃ သို့မဟုတ် အခွန်ထမ်း ဝန်ဆောင်မှုဗဟိုအဖွဲ့ ဖက်စ်နံပါတ် ၀၁-၈-၃၈၉၃၁၁၊ ဖုန်းနံပါတ် ၀၁-၈-၃၈၉၃၂၂၊ သို့မဟုတ် အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံး (ရန်ကုန်)၊ ဖုန်း-၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂၊ အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံး (မန္တလေး)၊ ဖုန်း-၀၂-၄၀၃၀၁၉၂ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## အီလက်ထရောနစ်နည်းလမ်းဖြင့် လစာဝင်ငွေခွန် ပေးသွင်းခြင်းဆိုင်ရာ သိကောင်းစရာများ




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်။

**Internal Revenue Department**
**Office Building No.(46), Nay Pyi Taw**
https://www.ird.gov.mm

**“ Tax by the Law, Service by our Heart ”**